# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
## (၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၇၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၃၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၆-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစည်းအဝေးသို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၇၃ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၄၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များအနက် ၃၀ ဦးက ယမန်နေ့ကကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦး ရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ ခွင့် ၁ ရက်၊

(၂) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ခွင့် ၁ ရက်၊

(၃) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၁ ရက်၊

(၄) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၁ ရက်၊

(၅) ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာတင်မောင်ကြိုင် ခွင့် ၁ ရက်၊

(၆) ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့် ခွင့် ၁ ရက်၊

(၇) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၁ ရက်၊

(၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၉) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၁ ရက်၊

(၁၀) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၂ ရက်၊

(၁၂) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၁ ရက်၊

(၁၃) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၁၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၁၆) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါခင် ခွင့် ၁ ရက်၊

(၁၇) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၁၈) လွိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်နှင့်

(၁၉) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၀ ဦး ယနေ့ ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့

ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### ရမည်းသင်းခရိုင် မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံအား ခရိုင်ဘဏ်နှင့် သင့်တော်သော အဆောက် အအုံအသစ် ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ရမည်းသင်းမြို့ရှိ ရမည်းသင်း ခရိုင် မြန်မာ့စီးပွားရေး ဘဏ်ခွဲအဆောက်အအုံ ခရိုင်အဆင့်နဲ့လျော်ညီတဲ့ သင့်တော်သော အဆောက် အအုံသစ်တစ်ခု ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ်ရှိ ရမည်းသင်းခရိုင်ဘဏ်ခွဲအဆောက်အအုံရဲ့ သက်တမ်းဟာ နှစ်ပေါင်း ၆၀ ကျော်ပြီဖြစ်တဲ့အတွက် ပြုပြင် တည်ဆောက်ရန်လိုအပ်နေပြီ ဖြစ်ပါတယ်။ ယခင်လူနေအဆောက်အဦအား ဘဏ်မှငှားရမ်းသုံး စွဲခဲ့ပြီး ၃၁-၅-၁၉၉၅ ခုနှစ်တွင် ပိုင်ရှင်ထံမှ မြန်မာ့စီးပွားရေးဘဏ်ကဝယ်ယူခဲ့တဲ့အဆောက်အအုံ

ဖြစ်ပါတယ်။ ပင်မအဆောက်အအုံရဲ့နောက်တွင် တိုးချဲ့အဆောက်အဦတစ်ခု ၂၀၀၆ ခုနှစ်က တည်ဆောက်ပေးခဲ့ပါတယ်။ ပင်မအဆောက်အအုံအား မူလလူနေအိမ်ကို ဘဏ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး ငွေကြေးခန်း၊ ကွန်ပျူတာခန်း၊ ငွေစုဘဏ်ဌာန၊ စာရင်းဌာနစိတ်၊ ပင်စင်ဌာနစိတ်၊ ငွေလွှဲဌာနစိတ်၊ မန်နေဂျာရုံးခန်းများဖြင့် ဖွင့်လှစ်ဖွဲ့စည်းထားရှိသဖြင့် စားပွဲအပြည့်၊ လူအပြည့်ဖြစ်နေပါတယ်။ ငွေကြေး ကောင်တာရှေ့တွင် ငါးပေခန့်သာကျယ်ဝန်းသဖြင့် Customer များ ကျဉ်းကြပ်စွာဖြင့် ငွေသွင်း/ ငွေထုတ်ဆောင်ရွက်နေရပါတယ်။

အဆောက်အအုံဟာ နှစ်ပေါင်း ၆၀ ကျော်လာပြီဖြစ်တဲ့အတွက် သံဘာဂျာတံခါးများပျက်စီးခြင်း၊ တံခါးရွက်များပျက်စီးခြင်း၊ ကြမ်းခင်းများ၊ နံရံနှင့်အမိုးများ သက်တမ်းကုန်နေပြီဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့အဆင့် မရှိဖြစ်နေပါတယ်။ တိုးချဲ့ဆောင်တွင် စီမံဌာန၊ ချေးငွေဌာန၊ JAB ဌာနစိတ်၊ လက်နှိပ်စက်များ၊ ရုံးသုံးဘီရိုများထားရှိပါတယ်။ အဝင်တံခါးမကြီးများမှာ သံဘာဂျာတံခါးများတပ်ဆင်ထားခြင်း မရှိ၊ အဆောက်အအုံနံရံတစ်ဖက်မှာ အပြင်သို့နိမ့်ပြီးကွာကျတော့မည့် အနေအထားမျိုးရောက်ရှိနေပြီ ဖြစ်ပါတယ်။

ခြုံငုံတင်ပြရပါက ပင်မအဆောက်အအုံနှင့် တိုးချဲ့ဆောင်တို့၏အနေအထားဟာ လုံခြုံစိတ်ချရတဲ့အနေအထားမရှိတော့ပါသဖြင့် ယခုလက်ရှိအဆောက်အအုံမှာ အသစ်တည်ဆောက်နိုင်ပါမှ လုံခြုံစိတ်ချရသောအနေအထားသို့ ရောက်ရှိနေပါ၍ ရမည်းသင်းခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲအား ခရိုင်အဆင့်နှင့်လျော်ညီတဲ့ သင့်တော်သောအဆောက်အဦသစ်တစ်ခု တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးနိုင်မည်ဖြစ်သည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဂါရဝတရားရှေ့ထား၍ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမောင်မောင်သိန်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ ရမည်းသင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့ ရမည်းသင်းခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲ နှင့်ပတ်သက်တဲ့မေးခွန်းကို ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာ မောင်မောင်သိန်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ရမည်းသင်းဘဏ်ခွဲမှာ ဝန်ထမ်း ၄၃ ဦးနဲ့ လုပ်ငန်း တွေဆောင်ရွက်နေပါတယ်။ စာရင်းအနေနဲ့ဆိုလို့ရှိရင် စာရင်းရှင်က ၂၀၀ ကျော်ရှိပြီးတော့ ငွေစုဘဏ်

စာရင်း ၂၀၀၀ ကျော်ရှိပါတယ်။ ပင်စင်စား ၂၄၅၀ ကိုလည်းပဲ ထိန်းသိမ်းပေးလျက်ရှိပါတယ်။ ထို့အတွက်ကြောင့် ဒီဘဏ်သည် အရေးကြီးတဲ့ဘဏ်လည်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မှန်ကန်စွာတင်ပြထားတဲ့အတိုင်းပါပဲ ဘဏ်ရဲ့သက်တမ်းဟာ၊ အဆောက်အအုံ ရဲ့သက်တမ်းဟာ နှစ်ပေါင်း ၆၀ ကျော်သွားပါပြီ။ အခြေအနေကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ယိုယွင်းလျက်ရှိပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ မှာ ဘဏ္ဍာငွေထည့်သွင်းပြီးတော့ လုံးဝအသစ်ပြင်ဆင် ဆောက်လုပ်ပေးသွားမှာဖြစ်ကြောင်း လေးစားရိုသေစွာနဲ့ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**ဖာပွန်မြို့ရှိ အန္တရာယ်ရှိသောအားကစားရုံကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသရဲ့တည်ငြိမ်အေးချမ်းခြင်း၊ အတော်အတန်ရရှိမှု ပေါ်မူတည်ပြီးတော့ ဆောင်ရွက်စရာဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစွာရှိတဲ့အနက်က အားကစားကဏ္ဍ နှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပေးစေလိုတဲ့အတွက် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့မေးခွန်း တချို့ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာ အားကစားဝန်ကြီးဌာနပိုင် မြို့နယ်အားကစားရုံတစ်ရုံနှင့် မြို့မအားကစားကွင်းတစ်ကွင်းရှိပါတယ်။ ရှေးဦးစွာ အားကစားရုံရဲ့ အခြေအနေကို ကျွန်တော်တင်ပြပါမယ်။ လက်ရှိအားကစားရုံကို လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၊ ၁၉၉၅-၁၉၉၆ လောက်က နိုင်ငံတော်ရန်ပုံငွေနဲ့ဆောက်လုပ်ပေးခဲ့ပြီးတော့ သစ်သား၊ အုတ်ညှပ်၊ သွပ်မိုး အဆောက် အအုံအမျိုးအစား ဖြစ်ပါတယ်။ ထိရောက်တဲ့ပြုပြင်ထိန်းသိမ်းမှုတွေ မဆောင်ရွက်ပေးနိုင်တဲ့အတွက် လက်ရှိအခြေအနေဟာ (၁) သွပ်မိုးတွေပေါက်ပြဲနေပါတယ်၊ (၂) ကြမ်းခင်းအင်္ဂတေကွာထွက်နေပါ တယ်၊ သစ်သားတိုင်တွေ၊ အမိုးပိုင်းသစ်သားထည်တွေဖြစ်တဲ့ ထုပ်လျှောက်ဒိုင်းမြားတန်းတွေ၊ ကြံ့ခိုင်မှု

အားနည်းပြီးတော့ အန္တရာယ်ရှိတဲ့အနေအထားကို ရောက်ရှိနေပါတယ်။ ဒီလို အန္တရာယ်ရှိတဲ့အနေအထားကြောင့် ဘယ်သူ့ကိုမျှအားကစားဝင်ရောက်လုပ်ကိုင်ခွင့်မပြုတော့ဘဲနဲ့ တံခါးများပိတ်ထားရတဲ့အနေအထားကို ရောက်ရှိနေပါတယ်။

ဆက်လက်ပြီးတော့ မြို့မအားကစားကွင်းရဲ့အခြေအနေကို တင်ပြပါမယ်။ မြို့မအားကစားကွင်းကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကတည်းက ဆောက်လုပ်ခဲ့တာဖြစ်ပြီးတော့ မီတာ ၄၀၀ ပြေးလမ်း၊ လူ ၁၀၀ လောက်ဆံ့တဲ့ပွဲကြည့်စင်နဲ့ သစ်သား Gold Score Board တစ်ခုရှိပါတယ်။ အရင်ကတော့ ကွင်းပတ်လည်ကို ပျဉ်းကတိုးသားသစ်သားခြံစည်းရိုးနဲ့ ကာရံထားပြီးတော့ သပ်သပ်ရပ်ရပ်ရှိတယ်လို့ဆိုနိုင်ပါတယ်။ နှစ်စဉ်မိုးရာသီ၊ ဆောင်းရာသီအားကစားကာလတွေမှာ ကျင်းပလေ့ရှိတဲ့မြို့နယ်/ခရိုင်အုပ်ချုပ်ရေးမှူး ဖလား၊ အခြေချစစ်ဗျူဟာမှူးဖလားအစရှိတဲ့ ဘောလုံးပြိုင်ပွဲတွေနဲ့တခြားသော အားကစားနည်းပြိုင်ပွဲတွေ အဓိကကျင်းပရာကွင်းတစ်ကွင်း ဖြစ်ခဲ့ပါတယ်။ လက်ရှိကွင်းရဲ့အနေအထားကတော့ ပြုပြင်ထိန်းသိမ်းမှုမဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ခြံစည်းရိုးတွေကတော့ ငုတ်တိုင်တောင်မကျန်တော့ဘဲနဲ့ ကျွဲ၊ နွား၊ ဆိတ်တွေ လွှတ်ကျောင်းတဲ့ စားကျက်ကွင်းလိုဖြစ်နေပါတယ်။ ပွဲကြည့်စင်ကလည်း မိုးယိုပြိုပျက်လျက်ရှိနေပါတယ်။ ပုံမှာမြင်တွေ့ကြရတဲ့အတိုင်းပါပဲ။

ဒါကြောင့် ဒေသခံအားကစားသမား လူငယ်မောင်မယ်တွေအပါအဝင် ပြည်သူတွေနဲ့ ဖာပွန်အခြေချတပ်ရင်းတပ်ဖွဲ့တွေက တပ်မတော်သားများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။(၁) အန္တရာယ်ရှိတဲ့ အနေအထားကြောင့် တံခါးများပိတ်ထားရတဲ့ ဖာပွန်မြို့အားကစားရုံကို ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။(၂) ဖာပွန်မြို့မှ အားကစားကွင်းရဲ့ ပတ်လည်စည်းရိုးတွေနဲ့ ပွဲကြည့်စင်တွေကို ပြုပြင်မွမ်းမံဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ (၃) အစီအစဉ်ရှိပါလျှင် မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁) မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်းဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်မေးမြန်းသည့် မေးခွန်းနှင့်ပတ်သက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်မှာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဖာပွန်မြို့နယ် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးအားကစားကွင်း တည်ဆောက်ခြင်းလုပ်ငန်းအား ပြည်နယ်ဘတ်ဂျက်ကျပ်သန်း ၉၀ ဖြင့်လည်းကောင်း၊ ဖာပွန်မြို့နယ် အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်းအား ပြည်နယ်ဘတ်ဂျက် ကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း လျာထားဆောင်ရွက်ထားပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြောက်ဥက္ကလာပမြို့နယ်အတွင်း ရေကြီးရေလျှံမှုများသည် အခြေအနေဆိုးရွားနေဆဲဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာသန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးများ ရပ်နားချိန်ကာလအတွင်းမှာ ကျွန်တော့်အနေနဲ့ မြောက်ဥက္ကလာပမြို့နယ်အတွင်းမှာ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲများနှင့် လူထုတွေ့ဆုံပွဲများကို ခြောက်ကြိမ်တိုင်တိုင်ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီလို လူထုတွေ့ဆုံပွဲများမှာ ပြုလုပ်တဲ့အခါတိုင်းမှာ ပြည်သူလူထုအနေနဲ့ ကျွန်တော့်ကို အများဆုံးတင်ပြတဲ့အချက်များပေါ်မူတည်ပြီးတော့ ဒီမေးခွန်းကိုမေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့မှာ မြောက်ဥက္ကလာပမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်လမ်းများ ရေကြီးရေလျှံရေဝပ်မှုများနှင့်ပတ်သက်၍လည်းကောင်း၊ နောက်ဆက်တွဲအကျိုးဆက်ဖြစ်တဲ့ ဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်ပွားနေမှုများနှင့်ပတ်သက်၍ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုမေးခွန်းမေးခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုယ်စား သမ္မတရုံးဝန်ကြီးဌာနက ကျွန်တော့်မေးခွန်းကို ပြန်လည်ဖြေကြားခဲ့ရာမှာ ဒီမြောက်ဥက္ကလာပမြို့နယ်အတွင်း နှစ်စဉ်ရေကြီးရေလျှံမှုများ၊

ရေစီးရေလာမကောင်းမှုများ ကင်းလွတ်စေရန်နှင့် ရပ်ကွက်များအတွင်းရေလွှံမှုများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မည်သို့မည်ပုံ အစီအမံများချမှတ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကျယ်တဝင့်ဖြေကြားခဲ့ပါတယ်။ သို့ရာတွင် ၂၀၁၃ ခုနှစ် မိုးရာသီကာလမှာ ရေကြီးရေလွှံမှုများဟာ မူလကထက် ၁၀ ရာခိုင်နှုန်းမျှသာသက်သာလာခဲ့ပြီး ၉၀ ရာခိုင်နှုန်းမျှ အခြေအနေဆိုးရွားနေဆဲဖြစ်ပါသဖြင့် မြောက်ဥက္ကလာပမြို့နယ်အတွင်း ရေမြောင်းများပိတ်ဆို့နေမှု၊ ရေစီးရေလာမကောင်း၍ ရေကြီးရေလွှံရေဝပ်နေမှုများ ဆက်လက်ဖြစ်ပေါ်နေပြီး အကျိုးဆက်များအဖြစ် လမ်းများပျက်စီးခြင်း၊ သွားလာရေးခက်ခဲခြင်း၊ ရောဂါဘယများထူပြောခြင်း စသည့်ဒုက္ခများ ပြည်သူလူထုဆက်လက်ခံစားနေရပါတယ်။ ဒီရက်ပိုင်းမှာဆိုရင် မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ဆေးရုံတက်ရသူ ပြည်သူလူထု အများဆုံးတက်ရောက်နေရတာကို တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အခုကဲ့သို့ ဆက်လက်ဖြစ်ပေါ်နေမှုများကို သက်ဆိုင်ရာက မည်သို့မည်ပုံ ဆက်လက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မြောက်ဥက္ကလာပပြည်သူလူထုကိုယ်စား လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းမေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ကျွန်တော်မှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်အတွင်း နှစ်စဉ်ရေကြီးရေလွှံမှု လျော့ပါးစေရန်နှင့် ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ခေမာသီလမ်းဖြတ် ရေထုတ်ပြွန်(၆၀ပေx ၅ပေx ၅ ပေ)၊ မေခါဝီလမ်းဖြတ် ရေထုတ်ပြွန် (၃၅ပေx ၅ပေx ၅ပေ)၊ သုခမိန်လမ်းဖြတ်ရေထုတ်ပြွန်(၁၈ ပေx ၅ ပေx ၅ပေ)၊ မင္ဂလာလမ်းဖြတ်(E.O ရုံးအနီး)ရေထုတ်ပြွန် (၁၂ ပေx ၅ ပေx ၅ပေ)၊ ဃ-ရပ်ကွက် နွယ်နီလမ်းနှင့်သုဓမ္မာလမ်းဆုံရေထုတ်ပြွန်(၃၀ပေx ၅ပေx ၅ပေ)၊ နွယ်နီလမ်းနှင့်မေခါဝီလမ်းဆုံ ရေထုတ်ပြွန်(၃၀ပေx ၅ပေx ၅ပေ)၊ စ-ရပ်ကွက် ဝဇီယာလမ်းနှင့်သုဓမ္မာလမ်းဆုံရေထုတ်ပြွန်(၃၀ပေx ၅ပေx ၅ပေ)၊ ဝဇီယာလမ်းနှင့်မေခါဝီလမ်းဆုံ ရေထုတ်ပြွန်(၃၀ပေx ၅ပေx ၅ပေ)၊ ည-ရပ်ကွက် ဘုမ္မာလမ်းနှင့်ဘုမ္မာကျောင်းလမ်းဆုံတွင် ရေထုတ်ပြွန်နှစ်လုံး(၂၄ပေx ၄ပေx

၄ပေ)၊ ဌ-ရပ်ကွက် စပါယ်လမ်းနှင့်စပါယ်(၄)လမ်းဆုံ ရေထုတ်ပြွန် (၂၄ပေx ၄ပေx ၄ပေ)၊ ဆဒ္ဒါလမ်းနှင့်သဇင်လမ်းဆုံရေထုတ်ပြွန်(၂၀ပေx ၄ပေx ၄ပေ)၊ ဈ-ရပ်ကွက် စက္ကဝတ်လမ်းတစ်လျှောက်လမ်းသွယ်များ၌ ရေထုတ်ပြွန် ၁၀ လုံး (၂၀ပေx ၄ပေx ၄ပေ)တို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ထို့အပြင် ရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ခ-ရပ်ကွက်၊ ဆ-ရပ်ကွက်၊ ဇ-ရပ်ကွက်၊ ဈ-ရပ်ကွက်၊ ည-ရပ်ကွက်နှင့် ဌ-ရပ်ကွက်များအတွင်းရှိ ရေမြောင်းများအားရပ်ကွက်ပြည်သူလူထုများနှင့်ပူးပေါင်းပြီး ၇-၁၂-၂၀၁၃ မှ ၂၁-၂-၂၀၁၄ ရက်နေ့အထိ စက်ယန္တရားများဖြင့် တူးဖော်ရှင်းလင်းပေးခဲ့ပါတယ်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်း မြောက်ဥက္ကလာပမြို့နယ်၊ ဆေးတက္ကသိုလ်(၂)နှင့် ဆေးရုံကြီးရှေ့တို့တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် (၃၅၀၀ပေx ၄ပေx ၄ပေ)အုတ်ရေမြောင်းနှင့် (၂၀ပေx ၄ပေx ၄ပေ)ရေထုတ်ပြွန် ခြောက်လုံးအား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ချောင်းကြီး၊ မြောင်းကြီးများရှင်းလင်းခြင်းအနေဖြင့် ရွှေလှေချောင်း (၃၈၀၀ပေx ၃၀ပေ)၊ မဏိရတနာချောင်း (၃၀၀၀ပေx ၁၈ပေ)တို့အား စက်ယန္တရားကြီးများ အသုံးပြု၍ ၂၁-၄-၂၀၁၄ ရက်နေ့မှ စတင်တူးဖော်ရှင်းလင်း ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ ချောင်းနှစ်ချောင်းအားတူးဖော်ပြီးပါက သုနန္ဒာချောင်း (၄၈၀၀ပေx ၂၀ပေ)အားဆက်လက်တူးဖော် ရှင်းလင်းပေးသွားမည်ဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် လူနာတင်ယာဉ်တစ်စီး ချမှတ်ပေးရန်နှင့် လယ်တီကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ချမှတ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန့်ဇင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန့်ဇင်(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်တဲ့မေးခွန်းမေးမြန်းတင်ပြမှာဖြစ်ပါတယ်။ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံဟာ ယခင်က ၂၅ ခုတင်ဆံ့

ဆေးရုံဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ ဒီဆေးရုံကို ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးဖို့ ကြယ်ပွင့်မပြမေးခွန်းနဲ့ မေးမြန်းတင်ပြခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးမယ်ဆိုတဲ့ ဖြေကြားချက်နှင့်အညီဆောင်ရွက်ပေးနေပြီဖြစ်လို့ မြို့နယ်ပြည်သူများက ဝမ်းသာပီတိဖြစ်နေကြပါတယ်။ အခုဆိုရင် ခုတင် ၅၀ ဆံ့ဆေးရုံအဆင့်နဲ့ လျော်ညီတဲ့ နှစ်ထပ်လူနာဆောင်ကြီး ဆောက်လုပ်နေတာကို တွေ့မြင်ကြရတဲ့အတွက် နိုင်ငံတော်ကို အထူးပဲကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြပါတယ်။ ကြို့ပင်ကောက်မြို့နယ်အတွင်းမှာ နှစ်စဉ် တိုးတက်လာတဲ့ လူဦးရေနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ပါရန် အောက်ပါမေးခွန်း သုံးခုကို မေးမြန်းတင်ပြအပ်ပါတယ်။

(က) မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် လူနာတင်ယာဉ်အသစ်တစ်စီး ချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်နှစ်တွင် ချမှတ်ပေးမည်။ (ခ) လယ်တီကျေးလက်ကျန်းမာရေးဌာနအား ၁၆ ခုတင် ဆံ့တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိ။ (ဂ) ကြို့ပင်ကောက် မြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ဒေသ လိုအပ်ချက်အရ အဆင့်တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက ဦးစားပေး အစီအစဉ်အလိုက် ဖြေကြားပေးပါရန် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမို ထိရောက်အောင်မြင်စေလိုတဲ့စေတနာနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကျိုင်းတောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံအတွက် ဆရာဝန်နှင့်အခြားအရေးကြီးသော ဝန်ထမ်းများ ခန့်ထားပေးရန်နှင့် ဆေးရုံဝင်း ခြံစည်းရိုးကာရံပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းကျော်မြင့်၊ မိုးနဲမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မြင့်(မိုးနဲမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့နယ်ခွဲသို့ ၂၄-၄-၂၀၁၄ ရက်နေ့ ကျွန်တော်သွားရောက်ခဲ့စဉ်က ၂၅ ခုတင်ဆံ့ပြည်သူ့ ဆေးရုံ၌ ဆရာဝန်မရှိပါ။ သူနာပြုလေးဦး၊ စာရေးတစ်ဦး၊ အထွေထွေလုပ်သားတစ်ဦး စုစုပေါင်း ဝန်ထမ်းအင်အား ခြောက်ဦးရှိပါသည်။ သို့ဖြစ်ပါ၍ ကျိုင်းတောင်းမြို့နယ်ခွဲပြည်သူ့ဆေးရုံအတွက် ဆရာဝန်နှင့်အခြားအရေးကြီးသောဝန်ထမ်းများ ခန့်ထားပေးပါရန်နှင့် ဆေးရုံဝင်းခြံစည်းရိုးကာရံပေး

ပါရန် အစီအစဉ်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အားမေးမြန်းထားသော မေးခွန်းနှစ်ခုအား ကျန်းမာရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်၏မေးခွန်းအား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဗဟိုအဆင့်ဆေးရုံကြီးတွေ၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဆေးရုံကြီးတွေကို လူနာတင်ယာဉ်များ ထောက်ပံ့ပေးလျက်ရှိပြီး ခရိုင်အဆင့်ဆေးရုံအချို့ကိုလည်း ဦးစားပေးအစီအစဉ်အလိုက် လူနာတင်ယာဉ်များကို ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အချို့မြို့နယ်များတွင်မူ ပုဂ္ဂလိကအလှူရှင်၊ စေတနာရှင်များမှလှူဒါန်းသော လူနာတင်ယာဉ်များကို အသုံးပြုလျက်ရှိပြီး တစ်ချိန်တည်းမှာပဲ မြို့နယ်အလိုက် မိမိတို့အလှူရှင်၊ စေတနာရှင်များမှ လှူဒါန်းလိုပါက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း တင်သွင်းခွင့်ရရှိရေးအတွက် ထောက်ခံပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ ကြို့ပင်ကောက်မြို့နယ် ပြည်သူ့ဆေးရုံအတွက် လူနာတင်ယာဉ်ထောက်ပံ့နိုင်ရန်မှာ ယခု လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဒုတိယအချက်အား ပြန်လည်ရှင်းလင်းတင်ပြလိုပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ လယ်တီကျေးရွာတွင် လူဦးရေ ၁၆၅၈၂ ဦး၊ အိမ်ခြေ ၄၀၈၇ အိမ်ရှိပြီး မြို့နယ်ဆေးရုံနှင့် ၉ မိုင် ၃ ဖာလုံ၊ ဘိုကုန်းကျေးလက်ကျန်းမာရေးဌာနနှင့် ၅ မိုင်ခန့်ကွာဝေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးအတွင်း၌ ၁၆ ခုတင်ဆံ့ဆေးရုံသုံးရုံဖြစ်တဲ့ ကျောက်တံခါး၊ အုတ်ဖိုနှင့် သနပ်ပင်မြို့နယ်များတွင် ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ မြို့နယ်ဆေးရုံနှင့် ၁၀ မိုင်အကွာမှာရှိနေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို လွှမ်းခြုံနိုင်သဖြင့် ယခုလောလောဆယ်တွင် တင်ပြပါ လယ်တီကျေးရွာ

အား တိုက်နယ်ဆေးရုံအဖြစ် ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း တင်ပြလိုပါတယ်။ တဖန် ကြို့ပင်ကောက်မြို့နယ်အတွင်း၌ ခုတင် ၅၀ ဆံ့ဆေးရုံတစ်ရုံ၊ အလယ်ကုန်းတိုက်နယ်ဆေးရုံမှာ တစ်ရုံ၊ ကျေးလက် ကျန်းမာရေးဌာနငါးခု၊ အလယ်ကုန်း၊ လှေကုန်း၊ ခုနှစ်ရွာ၊ အိုးဘိုကုန်းနှင့်လယ်တီတို့အား ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ လုပ်ငန်းလိုအပ်ချက်အရ လိုအပ်လို့ရှိရင် ဆက်လက်ပြီးစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်၊ မိုးနဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မြင့်၏မေးခွန်းအား ပြန်လည်ရှင်းလင်းတင်ပြပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနသည် ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ် ကျိုင်းတောင်းမြို့နယ်ခွဲ ပြည်သူ့ဆေးရုံတွင်လိုအပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်တစ်ဦးအား ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအတွင်း ခန့်ထားမည်ဖြစ်ပြီး၊ ကျိုင်းတောင်းမြို့နယ်ခွဲ ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံမှာ လက်ရှိဖွဲ့စည်းပုံအရ အထက်တန်းသူနာပြုနှစ်ဦး၊ ခန့်ထားနှစ်ဦးရှိရာ လစ်လပ်မရှိပါ။ သူနာပြုခြောက်ဦး၊ ခန့်ထားနှစ်ဦးဖြစ်၍ လစ်လပ် ၄ ဦးဖြစ်ကြောင်း ဖြစ်ပါတယ်။ ကျန်းမာရေးဦးစီးဌာနသည် သစ်လွင်သူနာပြု ၁၄၄၁ ဦးခန့်ထားနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် ခန့်ထားခွင့်ရရှိပါက ကျန်းမာရေးဦးစီးဌာနမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခွဲဝေခန့်ထားပြီး၊ ထိုသို့ခန့်ထားရာတွင် ရှမ်းပြည်နယ်၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ လစ်လပ်လျက်ရှိတဲ့ သူနာပြုရာထူးများအား လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်ခန့်ထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်း လစ်လပ်လျက်ရှိတဲ့ ဓါတ်ခွဲကျွမ်းကျင်(၃)အား (၄၅)ကြိမ်မြောက် ဓါတ်ခွဲစစ်ဆေးသူ ပထမတန်းသင်တန်းဆင်းများအားလည်းကောင်း၊ ဓါတ်ခွဲကျွမ်းကျင်သူ(၄)အား (၅၇)ကြိမ်မြောက် ဓါတ်ခွဲစစ်ဆေးသူ ဒုတိယတန်းသင်တန်းဆင်းများအားလည်းကောင်း ရွေးချယ်၍ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်းခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

ကျိုင်းတောင်းမြို့နယ်ခွဲ ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် လစ်လပ်လျက်ရှိတဲ့ ဆေးဘက်ကျွမ်းကျင်(၄) ဆေးစပ်ရာထူးများကို ဖြည့်စွက်ခန့်ထားနိုင်ရန်အတွက် ဆေးဘက်ကျွမ်းကျင်(၄) ဆေးစပ်ရာထူးဝင်ရောက်ဖြေဆိုခွင့် စာမေးပွဲကို ၂၈-၄-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နှုတ်ဖြေစာမေးပွဲကို ၇-၅-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး အောင်မြင်သူများအား ဆေးဘက်ကျွမ်းကျင်(၄) ဆေးစပ် ၆ လသင်တန်းကို ၂-၆-၂၀၁၄ ရက်နေ့တွင် တိုင်းဒေသကြီး မြို့နယ်အသီးသီး၌ တစ်ပြိုင်တည်းဖွင့်လှစ်မှာဖြစ်ပြီး ၎င်းတို့ သင်တန်းဆင်းပြီးတဲ့

အချိန်မှာ ကျိုင်းတောင်းမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ လစ်လပ်လျက်ရှိတဲ့ ဆေးစပ်(၄) တစ်နေရာ၌ ဖြည့်စွက်ခန့်ထားပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြပါတယ်။

တဖန် ကျိုင်းတောင်းမြို့နယ် ၂၅ ခုတင်ဆံ့ ပြည်သူ့ဆေးရုံတွင်လုပ်ငန်းလိုအပ်ချက်အရ ယာဉ်မောင်း၊ ဆေးထည့်၊ စက်မောင်းမီး/ရေ၊ ရုံးအကူ၊ ဥယျာဉ်လုပ်သား၊ ထမင်းချက်လုပ်သား၊ ရေထမ်းလုပ်သား၊ အထွေထွေလုပ်သားနှင့်အစောင့် စုစုပေါင်း ၁၈ နေရာ လစ်လပ်နေရာ နေ့စားခန့်ထားရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိုးနဲမြို့နယ်ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြလာပါက ခန့်ထားရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဆရာဝန်ဘွဲ့ရကျောင်းသား၊ ကျောင်းသူများအား အရည်အချင်းစစ်စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရအမှတ်စဉ်အလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိ၊ လွန်ခဲ့သော ၁၀ နှစ်မှ နှစ်အလိုက်ဆေးပညာဘွဲ့ရဦးရေနှင့် အလုပ်ခန့်နိုင်မှုဦးရေ၊ ယခုအချိန်တွင် အလုပ်ခွင်သို့ ဝင်ရောက်ခွင့်မရသေးသည့်ဦးရေနှင့် နောင်တွင်ဘွဲ့ရလာမည့် ဆရာဝန်များ လုပ်ငန်းခွင်သို့ အချိန်နှင့်တစ်ပြေးညီဝင်ရောက်နိုင်ရေးအတွက် မည်သို့စီမံချက်များချမှတ်ထားသည်ကို သိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဖေသန်း၊ မြေပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း လေးစားသမှုနဲ့ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းရတဲ့ မေးခွန်းကတော့ ကျွန်တော်တို့ ၁၀ တန်းကို ဂုဏ်ထူးများစွာဖြင့်အောင်မြင်ပြီးတော့ ဆေးပညာဘွဲ့(M.B.B.S)ကိုလည်း ခြောက်နှစ်၊ ခုနစ်နှစ် စာတွေ့ရော၊ လက်တွေ့ပါသင်ကြားပြီးတော့ အောင်မြင်လာတဲ့ တိုင်းပြည်ရဲ့ တကယ့် ထူးချွန်တဲ့လူငယ်လေးတွေဟာ အလုပ်ခွင်ကိုဝင်ခွင့်မရဘဲ အခက်အခဲကြုံတွေ့နေရတာနဲ့ပတ်သက်ပြီးတော့ ဖြေရှင်းနိုင်ဖို့ စေတနာထားပြီးမေးမြန်းခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆေးကျောင်းမှာ တက်ခွင့်ရတဲ့ကျောင်းသားတွေဟာ စာတွေ့ရော၊ လက်တွေ့ရော ခြောက်နှစ်၊ ခုနစ်နှစ် ငွေကုန်ကြေးကျခံပြီးတော့ ဆေးပညာကို သင်ခဲ့ကြရပါတယ်။ ဆေးပညာဘွဲ့ရလာပြီးတဲ့အချိန်အခါမှာ ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲတွေကိုဖြေဆိုပြီးတော့မှ အလုပ်ခွင်ကို ဝင်ခွင့်ရကြပါတယ်။ အဲဒီတော့ တစ်ဖက်မှာ တချို့ဆိုရင် နှစ်နှစ်၊ သုံးနှစ် အဲဒီလိုစာမေးပွဲကျပြီးတော့ ဝင်ခွင့်မရတဲ့ ဘွဲ့ရကျောင်းသားဟောင်းတွေလည်းရှိပါတယ်။ အဲဒီလိုအခက်အခဲတွေနဲ့တွေ့ကြုံရတဲ့အခါမှာ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံမှာ ၂၀၀၁ ခုနှစ်

ကစပြီးတော့ ၂၀၁၂ ခုနှစ်အထိ ဆေးပညာကျောင်းကိုတက်ခွင့်ရတဲ့ ကျောင်းသား နှစ်စဉ် ၂၄၀၀ ရှိပါတယ်။ ကုန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်မှလိုအပ်ချက်အရ ၁၂၀၀ သို့ လျှော့ချတယ်လို့သိရှိရပါတယ်။ ဒီတော့ အဲဒီလောက် ပမာဏကျောင်းသားတွေဟာ ကျွန်တော်တို့နိုင်ငံမှာ ဆေးပညာဘွဲ့ရပြီးတော့ အလုပ်ခွင်ကိုမဝင်နိုင်တဲ့ ကျောင်းသားတွေအများကြီးရှိပါတယ်။ အခြေအနေအရ နိုင်ငံခြားမှာသွားပြီးတော့လည်း လုပ်ခွင့်မရတဲ့သဘောမျိုးတွေ့ရပါတယ်။ ဆေးပညာကျောင်းသားတွေကို ဆေးကျောင်းတက်စဉ်ကတည်းက ဆေးပညာကို ဘွဲ့ရလာတဲ့အခါမှာ သုံးနှစ် မဖြစ်မနေ တာဝန်ထမ်းဆောင်ရမယ်ဆိုပြီးတော့ ကတိခံဝန်ချက်တွေလည်း ရေးထိုးထားရပါတယ်။ ကျောင်းသားတွေဘက်က အဲဒီလိုကတိမျိုးပေးခဲ့ရပါတယ်။ ဒါပေမယ့် အစိုးရဘက်ကကျတော့ ကျောင်းသားတွေကို တိုင်းပြည်က တကယ်တမ်းလိုအပ်ချက်လည်းရှိနေပါလျက်နဲ့ လိုအပ်ချက်ရှိတယ်ဆိုတာ အားလုံးအသိပါပဲ။ ကျွန်တော်တို့ အခုနက မေးခွန်းတွေမှာလည်းပါပါတယ်။ တိုက်နယ်ဆရာဝန်တစ်ဦးတောင်မှမရှိတဲ့ မြို့နယ်တစ်မြို့နယ်မှာမှ ဆရာဝန် တစ်ဦးစ၊ နှစ်ဦးစရှိတဲ့ တစ်မြို့နယ်လုံးမှာမှ ဆရာဝန် နှစ်ဦးစ၊ သုံးဦးစရှိတဲ့ အဲဒီလိုအဖြစ်မျိုးဟာ သူများနိုင်ငံနဲ့စာရင် အများကြီးခေတ်နောက်ကျနေပါပြီ။ ဒီတော့ တိုင်းပြည်က ထုတ်လုပ်မှုအားလည်းရှိတယ်။ ဒီမှာ လိုအပ်ချက်အားလည်းရှိတယ်။ အဲဒီနှစ်ခု ပြည့်စုံပါလျက်နဲ့ ဒီလူငယ်လေးတွေဟာ ဘာကြောင့် အလုပ်ခွင်သို့ အချိန်နှင့်တစ်ပြေးညီဝင်ရောက်ခွင့်မရှိကြတာလဲ။ မရှိနိုင်ရတာလဲ။ ဘာကြောင့် နှုတ်ဖြေ၊ ရေးဖြေစာမေးပွဲတွေနဲ့ ကန့်သတ်ပြီးတော့ ခေါ်နေရတာလဲ။ အဲဒီအပေါ်မှာ ကျွန်တော့်အနေနဲ့ ဒီကျောင်းသားလေးတွေကို အချိန်နှင့်တစ်ပြေးညီ တခြားဆေးခန်းလေးတွေဖွင့်ပြီးတော့ အပြင်မှာ နောက်ဆုံးသူတို့က ဘယ်လိုမှ အလုပ်ခွင်ထဲဝင်ခွင့်မရဘဲ။ အဲဒီလိုပဲ အဆုံးသတ်သွားရတဲ့ ဆေးကျောင်းသားတွေလည်း တွေ့ဖူးပါတယ်။ အဲဒါကြောင့် ဒီလူငယ်လေးတွေကို ကျွန်တော်တို့ အဲဒီလို ကန့်သတ်မယ့်အစား တိုင်းပြည်ရဲ့လိုအပ်ချက်အရ အချိန်နှင့်တစ်ပြေးညီဝင်နိုင်အောင်အတွက်လည်း ရည်ရွယ်ထားပြီးတော့ ကျွန်တော်မေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒါကြောင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို လေးစားစွာမေးမြန်းလိုပါတယ်။ မေးခွန်း(၁) ဆရာဝန်ဘွဲ့ရကျောင်းသားကျောင်းသူများ အရည်အချင်းစစ်စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရနံပါတ်စဉ်အလိုက် အလုပ်ခန့်အပ်နိုင်ခြင်းရှိ/မရှိ။ မရှိပါက အဘယ်ကြောင့်ပါနည်း။ မေးခွန်း(၂) လွန်ခဲ့သော ၁၀ နှစ်မှစ၍ နှစ်စဉ်ဘွဲ့ရဦးရေနှင့် နှစ်စဉ်အလုပ်ခန့်နိုင်မှုဦးရေကို နှစ်အလိုက်ယှဉ်တွဲလို့ သိလိုပါသည်။ မေးခွန်း(၃) ယခုအချိန်တွင် အလုပ်ခွင်သို့ဝင်ရောက်ခွင့်မရသေးသည့် ဆေးပညာဘွဲ့ရ အရေအတွက်မည်မျှကျန်ရှိပါသနည်း။ အလုပ်ခွင်ဝင်ရောက်ခွင့်မရရှိသေးသော ဘွဲ့ရဆရာဝန်များနှင့် နောင်နှစ်စဉ်ဘွဲ့ရလာမည့် ဆရာဝန်များအလုပ်ခွင်သို့ အချိန်နှင့်တစ်ပြေးညီဝင်ရောက်နိုင်ရန်အတွက်

မည်ကဲ့သို့ လုပ်ငန်းစီမံချက်များချမှတ်ထားသည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာနဲ့ပြည့်စုံပါစေ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း၏မေးခွန်းကို ကျန်းမာရေးဝန်ကြီးဌာန၏ကိုယ်စား မိမိမှ ပြန်လည်ရှင်းလင်းတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၌ တာဝန်ထမ်းဆောင်လိုတဲ့ မည်သည့်အရာရှိဝန်ထမ်းမဆို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့်ခေါ်ယူသော ရာထူးအတွက် ဖြေဆိုအောင်မြင်သူများကိုသာ ခန့်အပ်ခဲ့ပါတယ်။ ခွင့်ပြုဖွဲ့စည်းပုံအတိုင်းသာ ခန့်အပ်နိုင်ခဲ့ပြီး ပြုန်းတီးအင်အားနှင့် အသစ်တိုးအင်အားကိုချိန်ဆ၍ မွေးထုတ်ပေးလျက်ရှိပါတယ်။ အစိုးရဝန်ထမ်းအဖြစ်ဆောင်ရွက်လိုခြင်းမရှိသော်လည်း ပြင်ပတွင်အခြားသော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကိုသာ လုပ်ဆောင်လိုသော ဆရာဝန်များလည်းရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် ဆရာဝန်ဘွဲ့ရကျောင်းသူကျောင်းသားများအား အရည်အချင်းစစ်စာမေးပွဲဖြင့် ရွေးချယ်ခန့်အပ်ခြင်းမပြုဘဲ ဘွဲ့ရနံပါတ်စဉ်စီးရီးအလိုက် အလုပ်ခန့်အပ်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် နိုင်ငံဝန်ထမ်းဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(က)အရ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ ဝန်ထမ်းအမျိုးအစားအလိုက် သတ်မှတ်သည့် စတင်ခန့်ရာထူးအဆင့်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ရွေးချယ်ပေးသောဝန်ထမ်းများကိုသာ ခန့်ထားရခြင်းဖြစ်ပါတယ်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း စုစုပေါင်း ဆေးပညာဘွဲ့ရသူ ၁၈၄၃၈ ဦးနှင့် စုစုပေါင်း အလုပ်ခန့်နိုင်မှုမှာ ၇၀၈၆ ဦးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ဘွဲ့ရဦးရေ ၇၇၉ ဦးမှာ ခန့်အပ် ၄၂၆ ဦး၊ ၂၀၀၅ ခုနှစ်တွင် ဘွဲ့ရဦးရေ ၁၁၄၉ ဦးမှာ ခန့်အပ်နိုင်တာက ၃၇၀ ဦး၊ ၂၀၀၆ ခုနှစ်တွင် ဘွဲ့ရဦးရေ ၇၉၉ ဦးမှာ ခန့်အပ်တာ ၉၀၀ ဦးဖြစ်ပါတယ်။ ၂၀၀၇ ခုနှစ်တွင် ဘွဲ့ရဦးရေ ၂၀၉၂ ဦးရှိရာ ခန့်အပ်မှာ ၄၉၇ ဦးဖြစ်ပြီး၊ ၂၀၀၈ ခုနှစ်တွင် ဘွဲ့ရ ၁၅၃၅ ဦးမှာ ခန့်အပ်ဦးရေ ၅၅၃ ဦး၊ ၂၀၀၉ ခုနှစ်တွင် ဘွဲ့ရဦးရေ ၂၀၀၇ ဦးရှိပြီး ခန့်အပ်မှာ ၂၀၂၈ ဦး၊ ၂၀၁၀ ခုနှစ်တွင် ဘွဲ့ရ ၂၁၀၈ ဦးရှိပြီး ၂၀၁၁ ခုနှစ်တွင် ဘွဲ့ရဦးရေ ၂၀၃၆ ဦးဖြစ်ပြီး၊ ၂၀၁၂ ခုနှစ်တွင် ဘွဲ့ရဦးရေ ၁၉၇၃ ဦးရှိပြီး ခန့်အပ်မှာ

၄၈၆ ဦးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်တွင် ဘွဲ့ရ ၁၉၃၁ ဦးဖြစ်ပြီး၊ ခန့်အပ်မှာ ၁၈၂၆ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဘွဲ့ရမှာ ၁၉၂၉ ဦးဖြစ်ပါတယ်။

လွန်ခဲ့သော ၁၀ နှစ်အတွင်း စုစုပေါင်း သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ရသူဦးရေမှာ ၂၁၇၁ ဦးနှင့် စုစုပေါင်း အလုပ်ခန့်နိုင်မှုမှာ ၄၆၃ ဦးဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၄ ခုနှစ်တွင် ဘွဲ့ရ ၁၀၆ ဦးရှိရာ ခန့်အပ်မှာ ၄၉ ဦး၊ ၂၀၀၅ ခုနှစ်တွင် ဘွဲ့ရ ၁၆၅ ဦးရှိရာ ခန့်အပ်မှာ ၆၈ ဦး၊ ၂၀၀၆ ခုနှစ်တွင် ဘွဲ့ရ ၁၈၈ ဦးရှိရာ ခန့်အပ်မှာ ၉၆ ဦး၊ ၂၀၀၇ ခုနှစ်တွင် ဘွဲ့ရ ၁၄၃ ဦးရှိရာ ခန့်အပ်မှာ ၁၀၈ ဦး၊ ၂၀၀၈ ခုနှစ်တွင် ဘွဲ့ရ ၁၅၄ ဦး၊ ၂၀၀၉ ခုနှစ်တွင် ဘွဲ့ရ ၁၅၆ ဦး၊ ၂၀၁၀ ခုနှစ်တွင် ဘွဲ့ရ ၂၄၃ ဦး၊ ၂၀၁၁ ခုနှစ်တွင် ဘွဲ့ရ ၂၆၉ ဦး၊ ၂၀၁၂ ခုနှစ်တွင် ဘွဲ့ရ ၂၈၅ ဦးနှင့် ခန့်အပ်က ၁၄၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ဘွဲ့ရ ၂၃၉ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဘွဲ့ရ ၂၂၃ ဦးဖြစ်ကြောင်း တွေ့ရှိရပါတယ်။

ကျန်းမာရေးဦးစီးဌာန၏ လက်ထောက်ဆရာဝန်ရာထူးတွင် ခွင့်ပြု ၇၉၀၈ ဦးရှိရာ ခန့်အပ်က ၅၄၀၂ ဦးဖြစ်ပြီး လစ်လပ်ရာထူးမှာ ၂၅၀၆ ဦးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇွန်လ နောက်ဆုံးပတ်တွင် သစ်လွင်ဆရာဝန် ၁၁၆၄ ဦးကို ခန့်အပ်မည်ဖြစ်ရာ လစ်လပ်ရာထူးအင်အားမှာ ၁၃၈၂ ဦးသာဖြစ်ပါကြောင်းတင်ပြလိုပါတယ်။ ထို့အတူ ကျန်းမာရေးဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆရာဝန်ရာထူးတွင် ခွင့်ပြု ၅၆၃ ဦးကနေ ခန့်အပ်ပြီးက ၃၃၁ ဦးဖြစ်၍ လစ်လပ်မှာ ၂၃၂ ဦးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် သစ်လွင်သွားဘက်ဆိုင်ရာဆရာဝန်များကို ခန့်အပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြလိုပါတယ်။

လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆရာဝန်ရာထူးနေရာများအပြင် ပြုန်းတီးအင်အားဖြစ်တဲ့ (အငြိမ်းစား၊ နုတ်ထွက်၊ ကွယ်လွန်) နေရာများကိုလည်း နှစ်စဉ်ဖြည့်ဆည်းခန့်အပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်ခွင်သို့ ဝင်ရောက်ခွင့်မရသေးသော ဆရာဝန်များလုပ်ငန်းခွင်သို့ဝင်ရောက်နိုင်ရေးအတွက်လည်း ဆေးသိပ္ပံပညာဦးစီးဌာနကို တိုးချဲ့ဖွဲ့စည်းပြီး သရုပ်ပြဆရာဝန် ၆၀၅ ဦးနေရာကို လစ်လပ်လျက်ရှိပါတယ်။ သို့ဖြစ်၍ လုပ်ငန်းခွင် လိုအပ်ချက်အရ ၎င်းလစ်လပ်ရာထူးများတွင် ဖြည့်တင်းနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှနေ၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့နဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနတို့နှင့်ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။

**ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ်ကျသင့်ငွေများကို တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ ပြောင်းလဲကောက်ခံရန်၊ ငွေတောင်းခံလွှာများကို သုံးစွဲသူများထံ အချိန်မီ စာတိုက်မှဖြစ်စေ၊ Onlineမှ မူကြမ်း**

**ဖြစ်စေတောင်းခံရန်နှင့် ADSL အင်တာနက်ချို့ယွင်းမှုရှိပါက တာဝန်ခံဖြေရှင်းပေးမည့် Service ဌာနတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တယ်လီဖုန်းလိုင်းနဲ့ချိတ်ဆက်သုံးစွဲရတဲ့ ADSL အင်တာနက် ကျွန်တော့်အနေနဲ့ ၂၀၀၆ ခုနှစ်ကတည်းက ကိုယ်တိုင်သုံးစွဲခဲ့ပါတယ်။ ဒီလိုသုံးစွဲရာမှာ ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံများအပေါ် မူတည်ပြီးတော့ ADSL အင်တာနက်သုံးစွဲသူများကိုယ်စား မေးမြန်းရခြင်းဖြစ်ပါတယ်။ တယ်လီဖုန်းလိုင်းနဲ့ ချိတ်ဆက်သုံးစွဲရတဲ့ ADSL အင်တာနက်များ ချို့ယွင်းမှုတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ IT Section ကို ဆက်သွယ်ရပါတယ်။ အဲ့ဒီဆက်သွယ်တဲ့အခါတိုင်းမှာ တယ်လီဖုန်းလိုင်းများ စစ်ဆေးပေးရန် ပြောကြားလေ့ရှိပါတယ်။ သုံးစွဲသူအနေနဲ့တယ်လီဖုန်းလိုင်းများ၊ တယ်လီဖုန်းဌာနနဲ့ ဆက်သွယ်စစ်ဆေးရပါတယ်။ တယ်လီဖုန်းလိုင်းများ ကောင်းမွန်ပါက IT Section ကို ထပ်မံဆက်သွယ်ပြီးတော့ အင်တာနက်ဆက်သွယ်မှုကို ထပ်မံစစ်ဆေးပေးရန် အကြောင်းကြားရလေ့ရှိပါတယ်။ အမှန်စင်စစ်တယ်လီဖုန်းလိုင်းများနဲ့ အင်တာနက်ဆက်သွယ်မှုလုပ်ငန်းများမှာ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနတစ်ခုတည်း၏ ကြီးကြပ်မှုအောက်တွင် ရှိပါတယ်။ ADSL အင်တာနက်သုံးစွဲတဲ့ပြည်သူများအတွက် ချို့ယွင်းမှုများကို ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိဌာနတစ်ခုခုမှ တာဝန်ခံပြီးတော့ အဆင်ပြေအောင် စီစဉ်ပေးသင့်ပါတယ်။ ဒါကြောင့်မို့လို့ ADSL သုံးစွဲသူပြည်သူများအဆင်ပြေစေရေးအတွက် အောက်ဖော်ပြပါမေးခွန်းသုံးခုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ (က) ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ်ကျသင့်ငွေများကို တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ သုံးစွဲမှုအလိုက် ပြောင်းလဲကောက်ခံရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်။ မရှိပါက မရှိရသည့်အကြောင်းကို သိလိုပါသည်။ (ခ) ADSL အင်တာနက် Bill များကို လက်ရှိအခြေအနေတွင် သုံးစွဲသူများထံ စာတိုက်မှ ပေးပို့ခြင်းမပြုဘဲ သုံးစွဲသူများကသာ စာတိုက်သို့သွားရောက်ရှာဖွေ ပေးဆောင်ရလေ့ရှိပါတယ်။ (ဂ) ယင်းစနစ်အစား ငွေတောင်းခံလွှာများကို သုံးစွဲသူများထံအချိန်မီ စာတိုက်မှဖြစ်စေ၊ Online မှဖြစ်စေ တောင်းခံရန်အစီအစဉ်ရှိ/မရှိ။ (ဂ) ADSL အင်တာနက်ချို့ယွင်းမှုရှိပါက တယ်လီဖုန်းလိုင်းများနှင့် အင်တာနက် Connection တို့ကို သုံးစွဲသူများအကျိုးအတွက် တာဝန်ခံဖြေရှင်းပေးမည့် Service

ဌာနတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်မရှိပါက မည်သည့်အတွက် မရှိကြောင်းနှင့်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုကြောင်း လေးစားစွာမေးမြန်း အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာဆန္ဒပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ ADSL အင်တာနက်သုံးစွဲသူများအတွက် လစဉ်ကျသင့်ငွေများကို တယ်လီဖုန်းခေါ်ဆိုခများကဲ့သို့ ပြောင်းလဲကောက်ခံရန်၊ ငွေတောင်းခံလွှာများကို သုံးစွဲသူများထံ အချိန်မီစာတိုက်မှဖြစ်စေ၊ Online မှဖြစ်စေ တောင်းခံရန်နှင့် ADSL အင်တာနက် ချို့ယွင်းမှုဖြစ်ပေါ်ပါက တာဝန်ခံဖြေရှင်းပေးမယ့် Service ဌာနတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ရန် အစီအစဉ်ရှိ/မရှိတို့နှင့်စပ်လျဉ်းပြီး ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှာ ADSL Service ကို 512 kbps မှ 2.5 Mbps အထိ ကျွန်တော်တို့ Service Plan ငါးမျိုးခွဲခြားထားပြီး နှုန်းထားငါးမျိုးနဲ့ ကောက်ခံလျက်ရှိပါတယ်။ ADSL အင်တာနက်သုံးစွဲသူတွေအတွက် လစဉ်ကျသင့်ငွေတွေကို သုံးစွဲမှုအလိုက် ပြောင်းလဲကောက်ခံဖို့အတွက် လက်ရှိ ADSL စနစ်မှာ Billing နှင့်သက်ဆိုင်တဲ့ စက်ပစ္စည်းအချို့ကို ထပ်မံတပ်ဆင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလိုတပ်ဆင်မယ့် စက်ပစ္စည်းတွေအတွက် ခန့်မှန်းကုန်ကျငွေတွေကို တွက်ချက်ပြီးတော့ ရန်ပုံငွေရရှိရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲ့လိုဆောင်ရွက်ပြီးတဲ့အခါမှာ စက်ပစ္စည်းကိရိယာတွေတပ်ဆင်ပြီး လုပ်ငန်းများကို ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ယခုလက်ရှိအသုံးပြုနေတဲ့ ပုံသေကောက်ခံလျက်ရှိတဲ့ စနစ်ကနေပြီးတော့ ပထမတစ်ချက်အနေနဲ့ သုံးစွဲမှုအလိုက်သော်လည်းကောင်း၊ ဒုတိယအချက်အနေနဲ့ သုံးစွဲတဲ့အချိန်အလိုက်သော်လည်းကောင်း နှစ်သက်ရာစနစ်ကို သုံးစွဲသူတွေကနေပြီးတော့ ရွေးချယ်အသုံးပြုနိုင်ဖို့

စီစဉ်ဆောင်ရွက်သွားဖို့လည်း စီစဉ်ထားရှိပါတယ်။ အဲ့လိုပြောင်းလဲကောက်ခံဖို့ အစီအစဉ်တွေကိုလည်း အများပြည်သူတွေသိရှိနိုင်ဖို့ ကြိုတင်အသိပေးပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါသည်။

လက်ရှိအခြေအနေမှာ ကျွန်တော်တို့ ADSL လိုင်းများ တပ်ဆင်ပြီးလို့ရှိရင် တပ်ဆင်ပြီးတဲ့ စာရင်းတွေကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ငွေစာရင်းဌာနကို ပေးပို့ပြီးတော့ ငွေစာရင်းဌာနမှာ ရှိတဲ့ Billing Center များမှာ ငွေတောင်းခံလွှာများ ထုတ်ဆင့်ပြီးတော့ အဲ့ဒီငွေတောင်းလွှာတွေကို သက်ဆိုင်ရာမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး မန်နေဂျာရုံးများမှတစ်ဆင့် သုံးစွဲသူတွေထံကို စာတိုက်ကနေပြီးတော့ ပေးပို့တဲ့စနစ်ကို ကျင့်သုံးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ADSL အင်တာနက်ချို့ယွင်းမှုများဖြစ်ပေါ်ပါကလည်း သက်ဆိုင်ရာမြို့နယ် အိတ်ချိန်းတာဝန်ခံများကိုလည်းကောင်း၊ နံပါတ် (၁၀၂) သို့မဟုတ် (၁၀၆) Complaint Phone များသို့လည်းကောင်း၊ ဆက်သွယ်အသိပေးအကြောင်းကြားနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊၁၀း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၅**။

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်က တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များတွင် အနိမ့်ဆုံး ခုတင် ၅၀ ဆံ့၊ ခရိုင်မြို့ကြီးများတွင် ၂၅ ခုတင်ဆံ့နှင့် မြို့နယ်များတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက အဆိုတစ်ခုတင်သွင်းထားပါတယ်။ ဦးမြင့်ဦးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်က ဦးမြင့်ဦးဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ တိုင်းရင်းဆေးရုံ၊ ဆေးခန်းတွေ တိုးချဲ့ဖွင့်လှစ်ပေးရေး ပြည်ထောင်စုအစိုးရကို တိုက်တွန်းတဲ့အဆိုပဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ဒီအဆိုကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာ ၂၃ ရက်ကတည်းက တင်ပြခဲ့တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာတိုင်းရင်းဆေးပညာဟာ မြန်မာ့သမိုင်းမှာ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်၊ ရတနာပုံစတဲ့ခေတ်တွေမှာ တစ်မျိုးသားလုံးရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို တိုင်းရင်းဆေးနဲ့သာ အဓိကစောင့်ရှောက်မှုရှိခဲ့ပေမယ့်လည်း မြန်မာလူမျိုးတွေဟာ အသက်ရှည်ကျန်းမာပြီး လက်ရုံးရည်ထက်မြတ်တဲ့လူမျိုးတွေဖြစ်ခဲ့ပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာကို ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယနဲ့ ဝိဇ္ဇာဓရနယဆိုတဲ့ နယကြီးလေးပါးနဲ့ အခြေခံဖွဲ့စည်းထားပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့မတူဘဲ တမူထူးခြားလေးနက်မှုနဲ့ ပြည့်စုံတဲ့ဆေးပညာဖြစ်သလို အခြေခိုင်မာအားကောင်းတဲ့ ဘိုးဘွားအမွေအနှစ် အမျိုးသားရေးဆေးပညာရပ်လည်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ပတ်သက်လို့ ဗြိတိသျှလက်ထက် ၁၉၂၈-၁၉၃၀ ကာနယ်ဘခက်ရဲ့ တိုင်းရင်းဆေးပညာလေ့လာစုံစမ်းရေး အစီရင်ခံစာမှာ တိုင်းရင်းဆေးရုံ၊ ဆေးကျောင်းနှင့် ဆေးဥယျာဉ်တွေ တိုးချဲ့ဖွဲ့စည်းရန် အကြံပြုပေမယ့်လည်း အကောင်အထည်မဖော်

ခဲ့ဘဲ လွတ်လပ်ရေးရပြီးနောက် ခေတ်အဆက်ဆက်မှာလည်း တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးကို အားပေးသင့်သလောက် အားပေးမြှောက်စားမှုမရှိခဲ့တာကို ဝမ်းနည်းဖွယ်တွေ့ကြုံခဲ့ရပါတယ်။ ယခုအခါ ကမ္ဘာ့ကုလသမဂ္ဂ၊ ကမ္ဘာ့နိုင်ငံအသီးသီးနဲ့ အာဆီယံနိုင်ငံတွေမှာပါ ရိုးရာသဘာဝဆေးပညာရပ်တွေကို ပြန်လည်ဖော်ထုတ် အားပေးလာကြပြီး ဆန်းပြားတဲ့ရောဂါတွေနဲ့ ဆေးယဉ်ပါးလာနေတဲ့ရောဂါတွေကို ကုသနိုင်ဖို့၊ ကမ္ဘာ့ဈေးကွက်ရရှိဖို့ သုတေသနပြု အားပေးလာနေတာကို တွေ့နေရပါတယ်။ တရုတ်နိုင်ငံရှိ အနောက်တိုင်းဆေးရုံကြီးတွေမှာဆိုရင် တရုတ်ရိုးရာတိုင်းရင်းဆေးရုံတွေကိုပါ တွဲဖက်ဖွင့်လှစ်ပေးထားပြီး လူနာတွေအပြန်အလှန် လွှဲပြောင်းကုသမှုတွေ ရှိကြကြောင်းလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုရှိတဲ့အနက်က တိုင်းရင်းဆေးရုံ ၁၅ ရုံသာ ဖွင့်လှစ်နိုင်သေးပြီး ဖွင့်လှစ်ထားတဲ့ဆေးရုံတွေမှာတော့ လူနာတွေပြည့်လျှံနေတာ၊ ခုတင်လိုအပ်မှုရှိနေတာ၊ တစ်မြို့နယ်လုံးအတွက် ဆေးခန်းတစ်ခုတည်းနဲ့လည်း လုံလောက်မှုမရှိတာစတဲ့အကြောင်းတွေကြောင့် အမျိုးသားအမွေအနှစ်ဖြစ်တဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေး ပညာရပ်တွေကို ထိန်းသိမ်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်စွာ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်တွေကို ကုန်ကျစရိတ်သက်သာစွာနဲ့ ဘေးကင်းစွာ ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် တိုင်းရင်းဆေးရုံတွေကို မြို့တိုင်းနှင့်ဆေးခန်းတွေကို ကျေးရွာအုပ်စုတိုင်းမှာ ဖွင့်လှစ်ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ပါတယ်။ သို့ပါ၍ တိုင်းဒေသကြီး၊ ပြည်နယ်မြို့နယ်များတွင် အနိမ့်ဆုံး ခုတင် ၅၀ ဆံ့၊ ခရိုင်မြို့ကြီးများတွင် ၂၅ ခုတင်ဆံ့၊ မြို့နယ်များတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး၊ စီမံဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအား အလေးအနက်တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို (လွိုင်ကော်မဲဆနွှနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လွိုင်ကော်မဲဆနွှနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်

ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကာလအတွင်းမှာ ကယားပြည်နယ်ရဲ့ မြို့တော်ဖြစ်တဲ့ လွိုင်ကော်မြို့တော်မှ ၁၆ ခုတင်မှ ခုတင် ၅ဝ အထိ တိုးမြှင့်ပေးရန်ဆိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းကို မေးမြန်းခဲ့ဖူးပါတယ်။ သို့အတွက်ကြောင့်လည်းပဲ ယနေ့ အဆိုတင်သွင်းသော သနပ်ပင် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့အဆိုဖြစ်တဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ရဲ့ မြို့တော် များမှာ တိုင်းရင်းဆေးရုံ ၅ဝ ခုတင်ဆံ့နဲ့ ခရိုင်အဆင့် ၂၅ ခုတင်ဆံ့၊ မြို့နယ်များအဆင့် ၁၆ ခုတင်ဆံ့နဲ့ ရပ်ကွက်ကျေးရွာများမှ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးဖို့ အဆိုတင်သွားတဲ့အပေါ်မှာ တိုင်းရင်း သားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝခံစားကြရမှာဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ ဒီအဆိုအား လေးလေးနက်နက်ထောက်ခံအပ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ရိုသေစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ တင်ပြပါ တိုင်းဒေသကြီး၊ ပြည်နယ် များတွင် အနိမ့်ဆုံး ခုတင် ၅ဝ ဆံ့၊ ခရိုင်မြို့နယ်များတွင် ၂၅ ခုတင်ဆံ့နှင့် မြို့နယ်များတွင် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံများနှင့် ကျေးရွာအုပ်စုများတွင် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက် ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ အခက်အခဲ၊ တိုင်းရင်းဆေးရုံ/ တိုင်းရင်းဆေးခန်း ဖွဲ့စည်းပုံမရှိသေးခြင်းတို့ကြောင့် တဖြည်းဖြည်းချင်း ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းနှင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ပြန်လည်တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ တင်ပြပါအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိ ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုတင်သွင်းသွားတဲ့ ကိုယ်စားလှယ် ဦးမြင့်ဦး ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)။** ။ ကျွန်တော့် အဆိုကို တင်သွင်းပြီးတဲ့နောက်မှာ ဆေးရုံ၊ ဆေးခန်းတွေ တိုးချဲ့ဖွင့်လှစ်ဖို့လို့ ဘတ်ဂျက်တင်လာတာကိုလည်း ကျွန်တော် သတိထားမိပါတယ်။ ဝန်ထမ်းအခက်အခဲနှင့် ကျန်တဲ့အခက်အခဲများကြောင့် တဖြည်းဖြည်းတိုးချဲ့ဖွင့်လှစ်သွားမယ်။ အစီအမံတွေရှိတယ်ဆိုလို့ရှိရင်တော့ မှတ်တမ်းတင်ထားမယ်ဆိုတာကို လက်ခံနိုင်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တစ်ဆက်တည်း တင်ပြချင်တာက ဆေးရုံ၊ ဆေးခန်းတွေ တိုးချဲ့ဖွင့်လှစ်ပေးတာမဟုတ်ဘဲနဲ့ ဆေးဝါးတွေကိုလည်း ပြည့်ပြည့်စုံစုံပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။ ဒါကိုလည်း တစ်ဆက်တစ်စပ်တည်း စဉ်းစားပေးဖို့ တင်ပြရင်းနဲ့ မှတ်တမ်းတင်တာကို သဘောတူကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို ကျန်းမာရေးဝန်ကြီးဌာနကလည်း ဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ကျန်းမာရေးဝန်ကြီးဌာနက မှတ်တမ်းတင်ထားရှိဖို့ ဆွေးနွေးတဲ့အခါမှာ အဆိုရှင် ဦးမြင့်ဦး ကလည်း သဘောတူလက်ခံခဲ့ပါတယ်။ ဒါ့ကြောင့် လွှတ်တော်ရဲ့အဆုံးအဖြတ် ဆက်လက်ရယူ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမြင့်ဦး တင်သွင်းသွားတဲ့ အဆိုကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနဖြစ်သော ကျန်းမာရေးဝန်ကြီးဌာနက ပြန်လည်ဆွေးနွေး သွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် တစ်ပါတည်းရယူသွားမှာ ဖြစ်ပါတယ်။ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေးဝန်ကြီးဌာနက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပါစေကြောင်း ဂါရဝပြုဆုတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်ကို အဆိုပြုတင်သွင်းမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ လက်ရှိလိုက်နာ ကျင့်သုံးလျက်ရှိတဲ့ ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင် ရေးအဖွဲ့ အက်ဥပဒေ၊ ၁၉၅၂ ခုနှစ် အက်ဥပဒေအမှတ်(၃၅)ဟာ ခေတ်စနစ်နဲ့ လိုက်လျောညီထွေ မရှိတော့ပါသဖြင့် ၎င်းဥပဒေများကို ရုပ်သိမ်း၍ Corporatization အသွင်ပြောင်းလဲဆောင်ရွက်မယ့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေ(မူကြမ်း)ကို ပြဋ္ဌာန်းရန် ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီး ဌာနရှိ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအား ၂၀၁၃- ၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် ကျခံသုံးစွဲခြင်းမပြုဘဲ မိမိဝင်ငွေဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ Corporatization အသွင် ပြောင်းလဲဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးဖို့ ခေတ်နှင့်အညီ ရေးဆွဲထားသော ဥပဒေပြဋ္ဌာန်း ရန်အလို့ငှာ အဆိုပါဥပဒေမူကြမ်းအား ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်။ ပြည်သူ့ လွှတ်တော်မှ စဉ်းစားဆွေးနွေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပြည်ထောင်စုဝန်ကြီး တင်သွင်း ခဲ့တဲ့ ဥပဒေကြမ်းအဆိုနဲ့ပတ်သက်ပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီအား ရှင်းလင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုမဲဆန္ဒနယ်က

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေ ကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ ကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ (ခ) အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါတယ်။

၂။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် လက်ရှိလိုက်နာကျင့်သုံးလျက်ရှိသော ၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့အက်ဥပဒေ ၁၉၅၂ ခုနှစ်၊ အက်ဥပဒေ အမှတ်(၃၅) မှာ ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုမရှိသဖြင့် ယင်းဥပဒေကို ရုပ်သိမ်း၍ Corporatization အသွင်ပြောင်းလဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေကြမ်းအား တင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၆-၅-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ (၁၂) ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ဤဥပဒေတွင် အခန်းပေါင်း (၁၁) ခန်းနှင့် ပုဒ်မပေါင်း ၄၄ ခု ပါရှိပါသည်။

(၂) ဥပဒေအမည်အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ ဥပဒေဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဆိုသည့် စကားရပ်များအား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဟုအသီးသီး ပြင်ဆင်ပါသည်။

(၃) အခန်း(၁) ပုဒ်မ ၂ ပုဒ်မခွဲ(က)အဖြစ် အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကိုဆိုသည်ဟုအသစ်ဖြည့်စွက်ပါသည်။

(၄) မူလပုဒ်မ ၂ ပုဒ်မခွဲ(က)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စကားရပ်အား ပြည်ထောင်စုအစိုးရဟု ပြင်ဆင်ပါသည်။

(၅) ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ရှိ ပြည်ထောင်စုဝန်ကြီးဆိုသည့် စကားရပ်အစား ဝန်ကြီးဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေပါ ပြည်ထောင်စုဝန်ကြီးဆိုသည့် စကားရပ်အား ဝန်ကြီးဟု အသီးသီး ပြင်ဆင်ပါသည်။

(၆) ပုဒ်မ ၂ ပုဒ်မခွဲ (စ) အဖြစ် ရေယာဉ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ခရီးသည် များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုသော စက်ရှိ သို့မဟုတ် စက်မဲ့ရေယာဉ်တစ်မျိုးမျိုးကိုဆိုသည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၇) အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(က) အား မြန်မာနိုင်ငံအတွင်း ရေယာဉ်များသွားလာနိုင်သည့် မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင် ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဟု ပြင်ဆင် ပါသည်။

(၈) ပုဒ်မ ၃ ပုဒ်မခွဲ(င)ရှိ အကောင်အထည်ဖော်ဆောင်ရွက်ရန်စကားရပ်အား အကောင် အထည်ဖော်ဆောင်ရွက်ရေးဟု ပြင်ဆင်ပါသည်။

(၉) အခန်း(၃) ပုဒ်မ ၄ ပုဒ်မခွဲ(က)အား ပုဒ်မ ၄ အဖြစ် အစိုးရအဖွဲ့သည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအဖွဲ့ကို သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအတိုင်း တည်ထောင် ရမည်ဟု ပြင်ဆင်ပါသည်။

(၁၀) ပုဒ်မ ၄ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)နှင့်(စ)၊ ပုဒ်မ ၂၉ ၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့အား ပယ်ဖျက်ပါသည်။

(၁၁) ပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အား ပုဒ်မ ၅ (က) အဖြစ်

၅။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သည် -

(က) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ တည်ဆဲဥပဒေအရ စီးပွားရေးဆန်ဆန် အောင်မြင်စွာဆောင်ရွက်ရန် တရားဝင်လုပ်ပိုင်ခွင့်များအပ်နှင်းခြင်းခံရသော အဖွဲ့အစည်းဖြစ်သည်ဟု ပြင်ဆင်ပါသဖြင့် ကျန်ပုဒ်မစဉ်များ ပြောင်းလဲပါ မည်။

**မူကြမ်း**

(၁၂) ပုဒ်မ ၄ ပုဒ်မခွဲ(စ)ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးစကားရပ်အား မိမိဟု ပြင်ဆင်ပါသည်။

(၁၃) ပုဒ်မ ၄ ပုဒ်မခွဲ(ဆ)အား ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့် ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၁၄) အခန်း(၄) ပုဒ်မ ၅ ပုဒ်မခွဲ(က)ရှိ ဆောင်ရွက်ရန်ဖြစ်သည့်အပြင် စကားရပ်အား ဆောင်ရွက်ခြင်းနှင့်ဟု ပြင်ဆင်ပါသည်။

(၁၅) ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)အား ရေယာဉ်များကို တစ်စီးချင်းဖြစ်စေ၊ ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့်အဖွဲ့အစည်းများ ငှားရမ်းခြင်းဟု ပြင်ဆင်ပါသည်။

(၁၆) ပုဒ်မ ၅ ပုဒ်မခွဲ(င)အား ကူးတို့ရေယာဉ်များ ပြေးဆွဲခြင်းဟု ပြင်ဆင်ပါသည်။

(၁၇) ပုဒ်မ ၆ ပုဒ်မခွဲ(က)အား ပိုင်ဆိုင်သည့် သို့မဟုတ် ဆက်ခံရရှိသည့်ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများ၊ နိုင်ငံတော်က လွှဲအပ်ပေးသော သို့မဟုတ် လုပ်ကိုင်ခွင့်ပေးသော ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတို့ကိုရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် အသုံးပြုပိုင်ခွင့်ဟုပြင်ဆင်ပါသည်။

(၁၈) ပုဒ်မ ၆ ပုဒ်မခွဲ(ခ)အား ရေကြောင်းလမ်းများတစ်လျှောက်ရှိ မြို့၊ ရွာများတွင် ကုန်စည်များ လက်ခံတင်ဆောင်ခြင်းနှင့် သိုလှောင်ဖြန့်ဖြူးခြင်းတို့ကို ကိုယ်စားလှယ်လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၁၉) ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် မြေ၊ အဆောက်အအုံ၊ ယာဉ်၊ ယန္တရားနှင့် အခြားဆက်စပ်သော ပစ္စည်းများကို စီမံခန့်ခွဲပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၂၀) ပုဒ်မ ၆ ပုဒ်မခွဲ(ဃ)၊(င)၊(စ)ပါ ရှိသည်ဆိုသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၂၁) ပုဒ်မ ၆ ပုဒ်မခွဲ(ဆ)အား ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးသုံးစွဲပိုင်ခွင့်ရှိသည် စကားရပ်အား ပြဋ္ဌာန်းချက်များနှင့်အညီ သုံးစွဲပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၂၂) ပုဒ်မ ၆ ပုဒ်မခွဲ(ဇ)ရှိ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်နိုင်သည် စကားရပ်အား အကျိုးတူပူးပေါင်းဆောင်ရွက်ပိုင်ခွင့်ဟုပြင်ဆင်ပါသည်။

(၂၃) ပုဒ်မ ၆ ပုဒ်မခွဲ(ဈ)ရှိ လျှော့ပေါ့ခွင့်ပြုခြင်းတို့ပြုနိုင်သည် စကားရပ်အား လျှော့ပေါ့ခြင်း ဆောင်ရွက်ပိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၂၄) ပုဒ်မ ၆ ပုဒ်မခွဲ(ည)ရှိ ပြုလုပ်နိုင်သည်စကားရပ်အစား ပြုလုပ်နိုင်ခွင့်ဟု ပြင်ဆင်ပါ သည်။

(၂၅) ပုဒ်မ ၆ ပုဒ်မခွဲ(ဋ)အား ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ၊ ရေကြောင်းဆိုင်ရာ သို့မဟုတ် ရေယာဉ်တည်ဆောက်ရေး လုပ်ငန်းဆိုင်ရာကျွမ်းကျင် သူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြု ခွင့်ဟု ပြင်ဆင်ပါသည်။

(၂၆) ပုဒ်မ ၆ ပုဒ်မခွဲ(ဌ)အား ပြည်တွင်းပြည်ပ သင်တန်းများသို့စေလွှတ်နိုင်ခွင့်ဟု ပြင်ဆင် ပါသည်။

(၂၇) အခန်း(၅) ပုဒ်မ ၇ အား ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ အနည်းဆုံး ငါးဦးမှ အများဆုံး ၁၁ ဦး ပါဝင်သော စီမံခန့်ခွဲရေးအဖွဲ့ကို အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်ဟု ပြင်ဆင်ပါသည်။

(၂၈) မူလပုဒ်မ ၈ အား ဝန်ကြီးဌာနသည် ပုဒ်မ ၇ အရ ဖွဲ့စည်းရာတွင် မဂဏန်း အရေ အတွက်ဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး ယင်းအဖွဲ့ကို လိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၉) မူလပုဒ်မ ၉ အား -

စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၏ သက်တမ်းနှင့် တာဝန်ထမ်းဆောင်မှုအား အောက်ပါ အတိုင်း သတ်မှတ်သည်-

(က) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တို့၏ ရာထူးသက်တမ်းသည် စတင်တာဝန်ထမ်းဆောင်သည့် နေ့ရက်မှ ငါးနှစ် ဖြစ်သည်။

(ခ) ယင်းရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ဝန်ကြီးဌာနက အသစ်ရွေးချယ်ခန့်ထားပြီးသည့် အချိန်အထိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရာထူးသက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၃၀) ပုဒ်မခွဲ(င)ရှိ အဖွဲ့ကဆိုသည့် စကားရပ်၏ ရှေ့တွင် စီမံခန့်ခွဲရေးဆိုသည့် စကားရပ်အားအသစ် ဖြည့်စွက်ပါသည်။

(၃၁) ပုဒ်မ ၁၀ ရှိ စီမံခန့်ခွဲရေးအဖွဲ့ဆိုသည့် စကားရပ်၏ရှေ့တွင် နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် ဆိုသည့်စကားရပ်အား အသစ်ဖြည့်စွက်ပါသည်။

(၃၂) ပုဒ်မ ၁၂ ပုဒ်မခွဲ(က)အား ဝန်ကြီးသည် အလုပ်ဝတ္တရားများ ဆောင်ရွက်ခြင်းကို ထိခိုက်ဖွယ်ရှိသည့် ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်မရှိသူများကို အဖွဲ့ဝင်အဖြစ်ခန့်ထားရမည်ဟု ပြင်ဆင်ပါသည်။

(၃၃) ပုဒ်မခွဲ(ခ)ရှိ ထုတ်ဖော်ပြောဆိုရမည် စကားရပ်အား တင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၃၄) ပုဒ်မခွဲ(ဂ)အား ဥက္ကဋ္ဌမှတစ်ပါး အခြားအဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုး သက်ဆိုင်ခွင့်ရှိ/မရှိ ဆုံးဖြတ်ရန်အကြောင်းပေါ်ပေါက်လျှင် ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။ ဥက္ကဋ္ဌနှင့်ပတ်သက်၍ ငွေရေးကြေးရေးအကျိုးသက်ဆိုင်ခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့်ရှိ/မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် ဝန်ကြီး၏ ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၃၅) ပုဒ်မ ၁၄ အား ဥက္ကဋ္ဌသည် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့မှ သင့်လျော်သောဝန်ထမ်းတစ်ဦးကို စီမံခန့်ခွဲရေးအဖွဲ့၏ ရုံးလုပ်ငန်းများဆောင်ရွက်ရန် အတွင်းရေးမှူးအဖြစ်တာဝန်ပေးအပ်ရမည်။ ယင်းသည် စီမံခန့်ခွဲရေးအဖွဲ့ အဖွဲ့ဝင်စာရင်းတွင် ပါဝင်

ခြင်း၊ အစည်းအဝေးများ၌ ဆွေးနွေးခြင်း ၊ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခွင့်မရှိစေရ ဟုပြင်ဆင်ပြီး အခန်း(၅) ပုဒ်မ ၇ အောက်သို့ပြောင်းရွှေ့ပါသည်။

(၃၆) ပုဒ်မ ၁၅ ရှိ အမှတ်အသားကို ရာခိုင်နှုန်းဟု စာသားဖြင့် ပြင်ဆင်ပါသည်။

(၃၇) အခန်း(၆) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ရှိ အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက် အရှ အနည်းဆုံးဖြစ်အောင်မရှိစေရန် ထိန်းသိမ်းခြင်း စကားရပ်အား လေလွင့်၊ ဆုံးရှုံး၊ ပျက်စီးမှုမရှိစေရန် ထိန်းသိမ်းခြင်းဟု ပြင်ဆင်ပါသည်။

(၃၈) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဆ)အား ဝန်ကြီးဌာန၏ စီမံကိန်းရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၉) ပုဒ်မ ၁၈ ပုဒ်မခွဲ(က)၊(ခ)၊(ဂ)နှင့်(စ) ရှိသည့်စကားရပ်အား ပယ်ဖျက်၍ ပုဒ်မခွဲ(ဃ)ရှိ တာဝန်ပေးနိုင်သည်စကားရပ်အား တာဝန်ပေးနိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၄၀) ပုဒ်မ ၁၈ ပုဒ်မခွဲ(င)အား အကြောင်းချင်းရာတစ်ခုခုနှင့် စပ်လျဉ်း၍ အဖွဲ့အား အကြံဉာဏ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်ထားနိုင်ခွင့်နှင့် ယင်းပုဂ္ဂိုလ်အား သင့်လျော် သည့်အခများနှင့်စရိတ်ကြေးငွေများသတ်မှတ်ပေးနိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၄၁) ပုဒ်မ ၁၈ ပုဒ်မခွဲ(ဆ)အား မိမိနှင့် အစိုးရအဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂလိက အဖွဲ့အစည်း များအကြား လုပ်ငန်းသဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၄၂) အခန်း(၇) ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ရှိ အဖွဲ့ကို ဆိုသည့်စကားရပ်အား အဖွဲ့ကဟု ပြင်ဆင် ပါသည်။

(၄၃) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဂ)ရှိ တာဝန်ထမ်းဆောင်ခဲ့သည်ဆိုသည့် စကားရပ်၏ရှေ့တွင် ယင်းသို့ ဆိုသည့်စကားရပ်အား ပြင်ဆင် ဖြည့်စွက်ပါသည်။

(၄၄) ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)အား ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့အတွက် လိုအပ် သော သာမန်နှင့်ငွေလုံးငွေရင်းအသုံးစရိတ်များအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သင့်လျော်သည့် ပြည်တွင်းပြည်ပ ဘဏ်များမှ ချေးယူသုံးစွဲခြင်း၊ တာဝန်ယူပြန်လည် ပေးဆပ်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၅) ပုဒ်မ ၂၃ အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သည် စာရင်းစစ်ဆေးချက် နှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့က တောင်းခံသည့်ကာလအပိုင်းအခြားအတွက် ပြည်တွင်း

ရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ ငွေစာရင်းရှင်းတမ်းများကို အစိုးရအဖွဲ့ထံ ပေးပို့ရမည်ဟု ပြင်ဆင်ပါသည်။

(၄၆) ပုဒ်မ ၂၄ အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သည် အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာန သို့အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ လျှောက်ထားတောင်းခံနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၇) ပုဒ်မ ၂၇ ရှိ အကူအညီပေးခြင်းများအားဆိုသည့် စကားရပ်ကို အကူအညီပေးခြင်းနှင့် စပ်လျဉ်း၍ဟု ပြင်ဆင်ပါသည်။

(၄၈) ပုဒ်မ ၂၈ အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့၏ ငွေစာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက အသိအမှတ်ပြုသော စာရင်းစစ်အဖွဲ့ဖြင့် စစ်ဆေးခံရမည်ဟု ပြင်ဆင်ပါသည်။

(၄၉) ပုဒ်မ ၃၀ အား ဤဥပဒေ အာဏာမတည်မီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့နှင့် အစိုးရအဖွဲ့တို့ရရန် သို့မဟုတ် ပေးရန်ရှိသည့် ငွေကြေးများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၀) အခန်း(၈) ပုဒ်မ ၃၁ အား မည်သူမျှဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(က)အား သင်္ဘောခ ပေးဆောင်ခြင်းမှလွတ်ကင်းရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုပြီး လက်မှတ်ဟောင်းကို သုံးစွဲ၍ဖြစ်စေ၊ သင်္ဘောခ ကြိုတင်ပေးဆောင်ခြင်းမပြုပဲဖြစ်စေ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောတွင် စီးနင်းလိုက်ပါခြင်း၊ သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၅၁) ပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောတွင် ခရီးတစ်ခုအတွက် လက်မှတ်ဝယ်ယူစီးနင်းလိုက်ပါပြီးနောက် အဆိုပါခရီးကို ကျော်လွန်ကြောင်းသိလျက်နှင့် နောက်ထပ် သင်္ဘောခကြိုတင်ပေးဆောင်ခြင်းမပြုပဲ တမင်ဆက်လက် စီးနင်းလိုက်ပါခြင်း သို့မဟုတ် စီးနင်းလိုက်ပါရန် အားထုတ်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၅၂) ပုဒ်မ ၃၁ ပုဒ်မခွဲ(ဃ)ရှိ လူနှင့်အတူစကားရပ်အား မိမိနှင့်အတူဟုလည်းကောင်း၊ ကြိုးစားအားထုတ်ခြင်း စကားရပ်အား အားထုတ်ခြင်း မပြုရဟု ပြင်ဆင်သဖြင့်

နောက်ပုဒ်မများ၌ပါရှိသော ကြိုးစားအားထုတ်ခြင်း စကားရပ်အား အားထုတ်ခြင်းဟု ပြင်ဆင်ပါမည်။

(၅၃) ပုဒ်မ ၃၁ ပုဒ်မခွဲ (စ) သင်္ဘောလက်မှတ်ပြန်အပ်ရန် တောင်းဆိုသော်လည်း သင်္ဘောလက်မှတ်ပြန်မအပ်ခြင်းဆိုသည့် စကားရပ်အား သင်္ဘောလက်မှတ် ပြန်အပ်ရန် ပျက်ကွက်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၅၄) ပုဒ်မ ၃၁ ပုဒ်မခွဲ (ဇ) ရှိ ကြိုးစားအားထုတ်ခြင်း စကားရပ်အား အားထုတ်ခြင်း မပြုရ၊ ပုဒ်မခွဲ(ဈ)ရှိ မတရားသဖြင့် ဆိုသည့်စကားရပ်အား ပယ်ဖျက်၍ ရောင်းဝယ်ခြင်း စကားရပ်အား ရောင်းဝယ်ခြင်းမပြုရ၊ ပုဒ်မခွဲ(ည)ရှိ ရောင်းချခြင်း စကားရပ်အား ရောင်းချခြင်းမပြုရ ဟုအသီးသီးပြင်ဆင်ပါသည်။

(၅၅) မူလပုဒ်မ ၃၁ ပုဒ်မခွဲ(ဋ)အား ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရဟု အစားထိုးဖြည့်စွက်ပါသည်။

(၅၆) အခန်း(၉) ပုဒ်မ ၃၂ အား မည်သူမဆို ဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(က) အား ပုဒ်မ ၃၁ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ)နှင့် (ည) တို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကိုအနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ငွေဒဏ် ကျပ်တစ်သိန်းထိ ငွေဒဏ် ချမှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၅၇) ပုဒ်မ ၃၃ အား အထွေထွေ အခန်းသို့ ပြောင်းရွှေ့ပါသည်။

(၅၈) အခန်း(၁၀) ပုဒ်မ ၃၄ အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့သည် မိမိ၏ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်လျှင်သော်လည်းကောင်း ဆုကြေးငွေချီးမြှင့်ပိုင်ခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၅၉) ပုဒ်မ ၃၅ ရှိ ဆုကြေးစကားရပ်အား ဆုကြေးငွေဟု ပြင်ဆင်ပြီး ပုဒ်မခွဲ(က)ရှိ ဆောင်ရွက်နိုင်မှုဆိုသည့်စကားရပ်အား ဆောင်ရွက်နိုင်ခြင်း၊ ပုဒ်မခွဲ(ဃ)ရှိ လျော့နည်းလာမှုစကားရပ်အား လျော့နည်းခြင်း၊ ပုဒ်မခွဲ(င) အား လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်းဟု အသီးသီး ပြင်ဆင်ပါသည်။

(၆၀) အခန်း(၁၁) ပုဒ်မ ၃၇ ရှိ မှန်သမျှသည် စကားရပ်အား အားလုံးသည်ဟု ပြင်ဆင်ပါသည်။

(၆၁) ပုဒ်မ ၃၈ အား ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင်ရေယာဉ်ကို တပ်မတော် က ငှားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်အရ ဆင့်ခေါ်၍ အသုံးပြုသည့်သာမန်အချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၈ အရ တန်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့်ကာလအတွင်း အသုံးပြုသည့်ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းဖြစ်ပေါ်လျှင် မူလအခြေအနေအတိုင်း ပြန်လည်အပ်နှံရမည် သို့မဟုတ် ရေယာဉ်၏ ကာလတန်ဖိုးအတိုင်း ပေးလျော်ရမည် ဟု ပြင်ဆင်ပါသည်။

(၆၂) ပုဒ်မ ၃၉ ရှိ ပြစ်မှုဆိုင်ရာ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ တွင် အဓိပ္ပာယ် ဖော်ပြထားသည့်အတိုင်း စကားရပ်အား ပယ်ဖျက်ပါသည်။

(၆၃) ပုဒ်မ ၄၃ ပုဒ်မခွဲ(က)နှင့်(ခ)တို့ရှိ လိုအပ်ပါက ဆိုသည့်စကားရပ်အား ပယ်ဖျက်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပို့ဆောင်ရေးဝန်ကြီးဌာနက ပေးပို့လာတဲ့ ၂၀၁၄ ခုနှစ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် ပတ်သက်ပြီးတော့ အခန်း၁၁ခန်း၊ စာမျက်နှာ၁၄မျက်နှာ ပါရှိခဲ့ပါတယ်။ ဒီဥပဒေကြမ်းပေါ်မူတည်ပြီးတော့ တင်ပြသွားတဲ့အတိုင်းပဲ ဥပဒေ

ကြမ်းကော်မတီ၊ သက်ဆိုင်ရာပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ နောက်လွှတ်တော်ကဖွဲ့စည်းထားတဲ့ ကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနမှာရှိတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနဲ့ ညှိနှိုင်းပြင်ဆင်တဲ့အခါမှာ ခုနက တင်ပြသွားတဲ့အတိုင်း စာမျက်နှာ(၂)ကနေပြီးတော့ နောက်ဆုံးစာမျက်နှာ(၁၀)အထိ အပိုဒ်ပေါင်း ၆၃ ခုကို အားလုံး ပြင်ဆင်ဆောင်ရွက်သွားတာ တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီက တင်ပြထားတဲ့အတိုင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီဥပဒေနှင့်ပတ်သက်ပြီးတော့ လွှတ်တော်မှာဆက်လက်ဆွေးနွေးနိုင်ဖို့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၁ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပမယ့်နေ့ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]